# ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း (Registering Property Indicator)ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် ဆောင်ရွက်မှုအဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့် ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့် |
|---|---|---|---|---|---|
| ၁ | သက်သေခံမြေပုံ/မြေရာဇဝင် ရေးကူးခြင်း | နေပြည်တော်စည်ပင် | ယခင် (၇)ရက်<br>ယခု (၅)ရက် | မြေကွက်တည်နေရာအပေါ် မူတည်၍ (၀.၂၅)ကေလျှင်<br>၃၀,၀၀၀ ကျပ်<br>၂၄,၀၀၀ ကျပ်<br>၂၁,၀၀၀ ကျပ်<br>ကျသင့်ပါမည်။ | (၁) **အမည်ပေါက်သူမှ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားခြင်း**<br>(က) သတ်မှတ်လျှောက်လွှာပုံစံအား အခမဲ့ ရယူပြီး လျှောက်ထားရသည့် အကြောင်း ကို ဖော်ပြ၍ ပိုင်ဆိုင်မှုအထောက် အထား စာရွက်စာတမ်း များအား ပူးတွဲ တင်ပြလျှောက်ထားရမည်။<br>(ခ) ဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းပြီး ဦးပိုင် မှတ်ပုံတင်စာရင်း (၁-က) နှင့် တိုက်ဆိုင်စိစစ်၍ မှန်ကန်မှုရှိပါက သတ်မှတ်နှုန်းထား အတိုင်း နေပြည်တော်စည်ပင်ဘဏ်ရှိ ဌာနပိုင် ငွေစာရင်း သို့ သွားရောက်ပေးသွင်းရန် ငွေသွင်းချလံ ထုတ်ပေးပါမည်။ |

| | | | | | |
|---|---|---|---|---|---|
| | | | | | (ဂ) ငွေသွင်းချလံ(မူရင်း)ကို ဌာနသို့ ပြန်လည် အပ်နှံ လာပါက သက်သေခံ မြေပုံ/မြေရာဇဝင် အား ရေးကူး ထုတ်ပေး လျှက်ရှိပါသည်။ |
| | | | ယခင် (၂၄)ရက်<br>ယခု (၂၄)ရက် | သတင်းစာ ကြော်ငြာခ၊ မြေကွက်တည်နေရာအပေါ် မူတည်၍ (၀.၂၅)ဧကလျှင်<br>၃၀,၀၀၀ ကျပ်<br>၂၄,၀၀၀ ကျပ်<br>၂၁,၀၀၀ ကျပ်<br>ကျသင့်ပါမည်။ | (၂) **မှတ်ပုံတင်စာချုပ်အဆက်ဆက် တင်ပြ၍ မြေပုံ/ မြေရာ ဇဝင်ရေးကူးခွင့်လျှောက်ထားခြင်း**<br>(က) သတ်မှတ်လျှောက်လွှာပုံစံအား အခမဲ့ ရယူပြီး လျှောက်ထားရသည့် အကြောင်း ကို ဖော်ပြ၍ ပိုင်ဆိုင်မှုအထောက် အထား စာရွက်စာတမ်း များ၊ မှတ်ပုံတင်စာချုပ်အဆက်ဆက်မူရင် းများ ပူးတွဲ တင်ပြလျှောက်ထားရမည်။ |



## ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း (Registering Property Indicator )ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် ဆောင်ရွက်မှုအဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့် ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့် |
|---|---|---|---|---|---|
| | | | | | (ခ) ဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းပြီး ဦးပိုင် မှတ်ပုံတင်စာရင်း (၁-က) နှင့် တိုက်ဆိုင်စိစစ်၍ မှန်ကန်မှုရှိပါက |

| | | | | | |
|---|---|---|---|---|---|
| | | | | | ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းအငြင်းပွားခြင်း ရှိ/မရှိ စိစစ်နိုင်ရန် လျှောက်ထားသူမှ အကုန်အကျခံယူစေပြီး နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများတွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထည့်သွင်း စေပါမည်။<br>(ဂ) သတင်းစာတွင်ကြော်ငြာပါရှိသည့် နေ့မှစ၍ ရက်သတ္တ(၂)ပတ်အတွင်း ကန့်ကွက်မှုတစ်စုံ တစ်ရာမရှိပါက မြေပြင်ကွင်းဆင်းတိုင်းတာ စိစစ်မှုပြုလုပ်ပြီးနောက် သတ်မှတ်နှုန်းထား အတိုင်း နေပြည်တော်စည်ပင်ဘဏ်ရှိ ဌာနပိုင် ငွေစာရင်းသို့ သွားရောက်ပေးသွင်းရန် ငွေသွင်း ချလံ ထုတ်ပေးပါမည်။ ( ပိုင်ဆိုင်မှုနှင့်ပတ် သက်၍ အငြင်းပွားမှု/ကန့်ကွက်မှုတစ်စုံတစ် ရာရှိပါက သက်ဆိုင်ရာတရားရုံးအဆင့်ဆင့် ၏ အပြီးသတ်အမိန့်ဒီကရီ ရရှိပြီးမှသာ ဆက်လက်ဆောင်ရွက်ပါမည်။)<br>(ဃ) ငွေသွင်းချလံမူရင်းကို ဌာနသို့ ပြန်လည်အပ် နှံလာပါက သက်သေခံ |

| | | | | | |
|---|---|---|---|---|---|
| | | | | | မြေပုံ/မြေရာဇဝင်အား ရေးကူးထုတ်ပေးလျှက်ရှိပါသည်။ |



## ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း (Registering Property Indicator)ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် ဆောင်ရွက်မှုအဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့် ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့် |
|---|---|---|---|---|---|
| | | | ယခင် (၂၄)ရက်<br>ယခု (၂၄)ရက် | သတင်းစာ ကြော်ငြာခ၊ မြေကွက်တည်နေရာအပေါ် မူတည်၍ (၀.၂၅)ဧကလျှင်<br>၃၀,၀၀၀ ကျပ်<br>၂၄,၀၀၀ ကျပ်<br>၂၁,၀၀၀ ကျပ်<br>ကျသင့်ပါမည်။ | (၃) **အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံ/မြေရာဇဝင်ရေးကူး ခွင့် လျှောက်ထားခြင်း**<br>(က) သတ်မှတ်လျှောက်လွှာပုံစံအား အခမဲ့ ရယူပြီး လျှောက်ထားရသည့် အကြောင်းကို ဖော်ပြ၍ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း များ၊ အမည်ပေါက်နှင့်တော်စပ်ပုံဖော်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန် လွှာများတင်ပြ ပူးတွဲတင်ပြ၍ လျှောက်ထားရ မည်။<br>(ခ) ဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းပြီး ဦးပိုင် မှတ်ပုံတင်စာရင်း (၁-က) နှင့် တိုက်ဆိုင်စိစစ်၍ မှန်ကန်မှုရှိပါက |

| | | | | | |
|---|---|---|---|---|---|
| | | | | | ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းအငြင်းပွားခြင်း ရှိ/မရှိ စိစစ်နိုင်ရန် လျှောက်ထားသူမှ အကုန်အကျခံယူစေပြီး နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများတွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထည့်သွင်း စေပါမည်။<br>(ဂ) သတင်းစာတွင်ကြော်ငြာပါရှိသည့် နေ့မှစ၍ ရက်သတ္တ(၂)ပတ်အတွင်း ကန့်ကွက်မှုတစ်စုံ တစ်ရာမရှိပါက မြေပြင်ကွင်းဆင်းတိုင်းတာ စိစစ်မှုပြုလုပ်ပြီးနောက် သတ်မှတ်နှုန်းထား |

၄

## ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း (Registering Property Indicator)ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် ဆောင်ရွက်မှုအဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့် ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့် |
|---|---|---|---|---|---|
| | | | | | အတိုင်း နေပြည်တော်စည်ပင်ဘဏ်ရှိ ဌာနပိုင် ငွေစာရင်းသို့ သွားရောက်ပေးသွင်းရန် ငွေသွင်း |

| | | | | | |
|---|---|---|---|---|---|
| | | | | | ချုလံ ထုတ်ပေးပါမည်။ ( ပိုင်ဆိုင်မှုနှင့်ပတ် သက်၍ အငြင်းပွားမှု/ကန့်ကွက်မှုတစ်စုံတစ် ရာရှိပါက သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်၏ အပြီးသတ်အမိန့်ဒီကရီ ရရှိပြီးမှသာ ဆက်လက်ဆောင်ရွက်ပါမည်။)<br>(ဃ) ငွေသွင်းချလံမှုရင်းကို ဌာနသို့ ပြန်လည်အပ် နှံလာပါက သက်သေခံ မြေပုံ/မြေရာဇဝင်အား ရေးကူးထုတ်ပေးလျှက်ရှိပါသည်။ |
| ၂ | အမည်ပြောင်းလွှောက်ထား ခြင်းအတွက် ကန့်ကွက်ရန် ရှိ/မရှိ သတင်းစာတွင် ကြော်ငြာ ထုတ်ဆင့်ခြင်း | နေပြည်တော်စည်ပင် | ယခင် (၃)ရက်<br>ယခု (၃)ရက် | မှတ်ပုံတင်စာချုပ်ပါတန်ဖိုး၏ (၁၀)သိန်းထက်မပိုသော ၁% ပေးသွင်းရပါမည်။ (အရောင်းအဝယ်စာချုပ်မှ လွဲ၍ အခြားစာချုပ်များ အတွက် ပုံသေနှုန်း ကျပ် (၁)သိန်း ပေးသွင်းရပါမည်။ | (၁) သက်ဆိုင်ရာအခွန်ရုံး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး များ၏ ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်း အထောက် အထားဖြင့် ဌာနသို့ အမည်ပြောင်းလျှောက်ထား လာပါက သတ်မှတ်လျှောက်လွှာပုံစံကိုအခမဲ့ရယူပြီး အထောက်အထားစာရွက်စာတမ်းများ ပူးတွဲလျှောက် ထားရပါမည်။<br>(၂) သက်ဆိုင်ရာတာဝန်ခံများမှ လုပ်ထုံးလုပ်နည်းနှင့် အညီ အဆင့်ဆင့်စိစစ်တင်ပြ၍ |

| | | | | | |
|---|---|---|---|---|---|
| | | | | | မြို့တော်ဝန်ဦးစီးပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးသို့ တင်ပြ၍ ဆုံးဖြတ်ချက်ရယူဆောင်ရွက်ပါသည်။ |



## ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း (Registering Property Indicator)ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် ဆောင်ရွက်မှုအဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့် ဌာန | ကြာမြင့် ချိန် | ကုန်ကျစရိတ် | လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့် |
|---|---|---|---|---|---|
| | | | | | (၃) စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ခွင့်ပြုမိန့်ရရှိ ပါက အမည်ပြောင်းခသတ်မှတ်နှုန်းထားကျသင့်ငွေအား နေပြည်တော်စည်ပင်ဘဏ်ရှိ ဌာနပိုင်ငွေစာရင်း သို့ သွားရောက်ပေးသွင်းရန် ငွေသွင်းချလံ ထုတ်ပေး ပါမည်။ |
| ၃ | ပိုင်ဆိုင်သူအမည်ပေါက် လွှဲပြောင်းပေးခြင်း | နေပြည်တော်စည်ပင် | ယခင် (၁)ရက်<br>ယခု (၁)ရက် | | (၁) ငွေသွင်းချလံ(မူရင်း)ကို ဌာနသို့ ပြန်လည်အပ်နှံပါက လျှောက်ထားသူအမည်ပေါက်အဖြစ် ပြောင်းလဲ သတ်မှတ်ပေးလျှက်ရှိပါသည်။ |